# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

September 4, 2024 | Volume 82, Number 3


၄.၉.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၂၁.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၀၇.၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၅၄.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၈.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၅.၂၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၀၁၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၆.၄၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၈၂.၉၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၃၅၉ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm


## ပြည်တွင်း ငရုတ်ဈေးကွက်အခြေအနေ




သယ်ယူပို့ဆောင်ရေး အခက်အခဲများကြောင့် ငရုတ်ဈေး အနည်းငယ်ပြန်တက်လာကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်မှသိရသည်။ ပြီးခဲ့သည့်လ တတိယပတ်ဖြင့်ယှဉ်ပါက တစ်ပိဿာလျှင် ၁၀၀၀ မှ ၁၅၀၀ အထိ မြင့်တက်လာကြောင်း သိရသည်။

“အခုက သယ်ယူပို့ဆောင်ရေးကြောင့် ဈေးမတူတာပေါ့။ သယ်ယူပို့ဆောင်ရေး ခက်ခဲတဲ့နေရာတွေမှာ ကုန်ကျစရိတ်များတော့ ဈေးပိုများသွားတဲ့ သဘောပါ။ ငရုတ်ထွက်တဲ့ ဒေသတွေမှာဆို ဈေးမရဘူး”ဟု ဧရာဝတီတိုင်းဒေသကြီးမှ ငရုတ်စိုက်တောင်သူတစ်ဦးကပြောသည်။

လက်ရှိ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပန်းရဲသစ် တစ်ပိဿာလျှင် ၆၀၀၀ မှ ၆၅၀၀ ကျပ် ၊ မြားနီ တစ်ပိဿာလျှင် ၅၅၀၀ မှ ၆၀၀၀ ကျပ်နှင့် မိုးထောင်မြစ်ဝ တစ်ပိဿာလျှင် ၁၀,၀၀၀ မှ ၁၂,၀၀၀ ကျပ် ၊ ဆင်ဖြူကျွန်းပု တစ်ပိဿာ ၉၀၀၀ မှ ၁၁,၀၀၀ ကျပ်ထိ ပေါက်ဈေးရှိကြောင်းသိရသည်။

လတ်တလော ပြည်တွင်းဈေးကွက်ကိုသာ အဓိကထားရောင်းချနေရ၍သာ တောင်သူများအနေဖြင့် အဆင်ပြေနေကြောင်းသိရသည်။ ရှမ်းပြည်နယ်ဘက်မှာလည်း ဈေးငြိမ်နေပြီး ပြီးခဲ့သည့်နှစ်ဖြင့်ယှဉ်ပါက ၅၀ ရာခိုင်နှုန်းခန့် အရောင်းအဝယ်အေးနေကြောင်း အောင်ပန်းကုန်စည်ဒိုင်များမှ သုံးသပ်ကြသည်။

"ငရုတ်က ဈေးကွက်ကို ပျောက်ထွက်သွားတယ်။ ၅၀၀ ၊ ၁၀၀၀ လောက်ကတော့ ဈေးတက်တယ်မခေါ်ဘူး။ သူတို့ ကုန်ဆွဲတာများရင် ၅၀၀၊ ၁၀၀၀လောက် ဈေးတင်ရောင်းလိုက်တဲ့သဘောပါ။ အရင်နှစ်တွေက ဝမ်းတွင်း၊ မိတ္ထီလာတစ်ကြောက ငရုတ်သီးလှိုင်လှိုင်ထွက်တဲ့ဒေသတွေမှာ တရုတ်ကဆွဲတယ်။ တရုတ်ကမဆွဲရင် ထိုင်းကဆွဲတယ်။ ဒီနှစ် လမ်းပန်း ဆက်သွယ်ရေးက အခက်အခဲတွေရှိတယ်၊ ပိတ်ထားတာတွေရှိတယ်။ ကုန်သွယ်လို့မရတဲ့ နေရာတွေရှိတယ်။ ငရုတ်ဈေးကွက်က ဝယ်မဲ့သူမရှိဘူး။ ရှမ်းမြောက်က အဓိကသွားလာနေတဲ့ လမ်းကြောင်းလေ၊ တရုတ်နဲ့ရှမ်းနဲ့ မန္တလေး၊ ဝမ်းတွင်းတို့ ဆက်နေတာ အခု အဲဒီလမ်းကြောင်းတွေက ဘာမှလုပ်မရဘူး" ဟု ရှမ်းပြည်နယ် အောင်ပန်းမှ ကုန်သည်တစ်ဦးကပြောသည်။ အဓိကအားထား နေရသည့် လမ်းကြောင်းများဖြစ်သော ရှမ်းမြောက်၊ ရခိုင်၊ မြစ်ကြီးနား၊ မန္တလေး၊ ကော့ကရိတ်၊ ရှမ်းရှေ့၊ ကရင်ပြည်နယ်၊ မြဝတီ အစရှိသည့် လမ်းကြောင်းများမှ လက်ရှိသွားလာရခက်ခဲနေကြောင်း သိရသည်။

ထို့ပြင် ပုံမှန်တရုတ်နိုင်ငံသို့တင်ပို့နေသည့်လမ်းကြောင်းများ သွား၍မရဘဲ မိုင်းလားလမ်းပိုင်းမှ ကုန်ကားများနှင့်သွားလာ ကာ သယ်ယူပို့ဆောင်နေရခြင်းကြောင့် အခက်အခဲအနည်းငယ်ရှိနေသည်ဟု သိရသည်။

ရှမ်းပြည်နယ်တွင် ရှမ်းပွခြောက် တစ်ပိဿာလျှင် ၁၀,၀၀၀ ကျပ်၊ ရှမ်းသွယ်ခြောက် တစ်ပိဿာလျှင် ၉၀၀၀ ကျပ်၊ ကုလားအော်သီးခြောက် တစ်ပိဿာလျှင် ၄၀၀၀ ကျပ်၊ သာမို တစ်ပိဿာလျှင် ၇၅၀၀ ပေါက်ဈေးရှိကြောင်း အောင်ပန်းမြို့မှ ကုန်စည်အမျိုးမျိုး ရောင်းဝယ်ရေးဒိုင်တစ်ခုမှ သိရသည်။

ငရုတ်သီးနှံကို နှစ်စဉ် မိုးကြိုငရုတ်၊ မိုးရာသီငရုတ်နှင့် ဆောင်းငရုတ်ဟူ၍ တစ်နှစ်ပတ်လုံး စိုက်ပျိုးကြပြီး မိုးကြိုငရုတ်ကို မတ်လနှင့်ဧပြီလတို့၌ စိုက်ပျိုးကာ ဇွန်လတွင် စတင်ခူးဆွတ်လေ့ရှိကြောင်းသိရသည်။

**Source: AMIA**

https://t.me/htwettoe

## ပဲဆီကို စားအုန်းဆီကဲ့သို့ ရည်ညွှန်းဈေးသတ်မှတ်ရန်မရှိသေးဟုဆို

ပြည်တွင်းဖြစ် ပဲဆီများကို စားအုန်းဆီကဲ့သို့ ရည်ညွှန်းဈေးနှုန်း သတ်မှတ်ရန်မရှိသေးကြောင်း မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ သိရသည်။

ပြည်တွင်း၌ ထုတ်လုပ်ရရှိသည့် မြေပဲဆီ၊ နှမ်းဆီ၊ ပဲပုပ်ဆီ၊ နေကြာဆီစသည့် စားဆီများလည်း ဈေးမြင့်တက်လျက် ရှိကြောင်း၊ ယင်းဈေးနှုန်းသည် တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှု ကုန်ကြမ်းအပေါ် အခြေခံပြီး တောင်သူများထံမှ ထွက်ရှိ သော ကုန်ကြမ်းဈေးနှုန်းအပေါ်မူတည်ကြောင်း သိရသည်။

"ပဲဆီတွေကို ရည်ညွှန်းဈေးသတ်မှတ်ဖို့ လတ်တလောမရှိသေးပါဘူး။ ဘာမှမသိရသေးဘူး"ဟု မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးကပေါ်ပြူလာနယူးစ်သို့ပြောသည်။

ထို့ပြင် ပြည်ပမှစားသုံးဆီတင်သွင်းမှု လျှော့ချနိုင်ရေးအတွက် ပြည်တွင်း၌ ပဲဆီ၊ နှမ်းဆီတို့အပြင် အခြားဆီထွက်သီးနှံများကို ဧကတိုးချဲ့စိုက်ပျိုးနေသလို ဆီစက်လုပ်ငန်းရှင်များကိုလည်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေများထုတ်ချေးပေးလျက် ရှိကြောင်း သိရသည်။

ထိုသို့ထုတ်ချေးရာတွင် လုပ်ငန်းသုံးလည့်ပတ်ရင်းနှီးငွေ (Working Capital) ချေးငွေအတွက် အနည်းဆုံး ကျပ်သိန်း ၁၀၀ မှ အများဆုံးကျပ် သိန်း ၃၀၀၀ အထိနှင့် မတည်ရင်းနှီးငွေ (Fixed Capital) အတွက် ချေးငွေကို အနည်းဆုံး ကျပ်သိန်း ၂၀၀ မှ အများဆုံး ကျပ် သိန်း ၃၀၀၀ အထိ ထုတ်ချေးမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ချေးငွေအစီအစဉ်ရှိသော်လည်း ဆီစက်အသေးများက စာရွက်စာတမ်းတွေ မစုံလင်နိုင်ခြင်း၊ နယ်ဘက်ရှိ တစ်နိုင် တစ်ပိုင် ဆီစက်သမားအချို့က ဆက်သွယ်မလုပ်တတ်သေးသည့် အခက်အခဲများရှိနေဆဲပင်ဖြစ်သည်။

**Source:** https://www.popularmyanmar.com/

## မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ကုလားပဲနှင့်ပဲကြီးအရောင်းအဝယ်ကောင်းမွန်လျက်ရှိ



မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ကုလားပဲနှင့်ပဲကြီး အရောင်းအဝယ် ကောင်းမွန်လျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော် အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူးဦးစက်မောင်ဆွေက ပြောသည်။ ပဲ၊ ပြောင်း၊ နှမ်းစသည့် ကုန်စည်များထဲတွင် ကုလားပဲနှင့် ပဲကြီး အမျိုးအစားမှာ ပြည်တွင်းဈေးကွက်အတွင်း ပုံမှန်အတိုင်းသာ အရောင်း အဝယ်ဖြစ်ခဲ့ကြောင်း၊ ယခုလက်ရှိတွင် ကုလားပဲနှင့်ပဲကြီးအမျိုးအစား များကို ကုန်သည်များက ဝယ်ယူမှုပြန်လည်များပြားလာပြီး အရောင်း အဝယ်မှာလည်း ပြန်လည်ကောင်းမွန်ခဲ့ကြောင်းသိရသည်။ မန္တလေးကုန်စည်ဒိုင်မှာတော့ ကုလားပဲနှင့်ပဲကြီးတွေ အရောင်းအဝယ် ပြန်ဖြစ်နေတဲ့အပြင် အခြား ဂျုံ၊ တရုတ်ပဲကြီး စတဲ့ကုန်စည်တွေလဲ ဈေးကွက်ထဲမှာ အရောင်းအဝယ်ပြန်ပြီးကောင်းနေတယ်။ ကျန်တဲ့ ပြောင်း၊ ပဲတီစိမ်း စတဲ့ကုန်စည်တွေကတော့ ပုံမှန်အတိုင်းပဲ အရောင်းအဝယ်ဖြစ်နေပါတယ်”ဟု အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ပဲ၊ နှမ်းဈေးကွက်အတွင်း စက်တင်ဘာလ ၂ ရက်ပေါက်ဈေးအရ ကုလားပဲ(V2) သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၃၀၅,၀၀၀၊ ကုလားပဲ(V7) သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၃၈၅,၀၀၀၊ ကုလားပဲ(TW) သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၂၈၅,၀၀၀၊ ကုလားပဲ(929) သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၂၉၃,၀၀၀၊ ပဲကြီးသုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၃၁၀,၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။ အလားတူ မန္တလေး ပဲ၊ နှမ်းဈေးကွက်အတွင်း စက်တင်ဘာ ၂ ရက် ပေါက်ဈေးအရ နှမ်းနက်(စမုန်)သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၆၅၀,၀၀၀၊ နှမ်းညို သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၃၈၀,၀၀၀ ပေါက်ဈေး ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)မှ သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ငါးပုစွန်များကို အမျိုးအစား၊ အရွယ်အစားအလိုက် လေလံစနစ်ဖြင့် ရောင်းချနေ



ရန်ကုန်တိုင်းဒေသကြီး၌ ငါးတင်ငါးချဆိပ်ကမ်း ၁၁ ခုရှိပြီး ငါးပုစွန်များကို အမျိုးအစား၊ အရွယ်အစားအလိုက် လေလံစနစ်ဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။

ငါးတင်ငါးချဆိပ်ကမ်း ၁၁ ခုရှိသည့်အနက် ရွှေဇင်ငါးချဆိပ်ကမ်းသည် EU တင်ပို့ခွင့်ရ အသိအမှတ်ပြုခံရသည့် နိုင်ငံတကာအဆင့်မီ ငါးတင်ငါးချ ဆိပ်ကမ်းတစ်ခုဖြစ်သည်။

အဆိုပါ ရွှေဇင် ငါးတင်ငါးချဆိပ်ကမ်းတွင် အခြေပြုလုပ်ကိုင်နေသော ငါးဖမ်းသင်္ဘော ၂၂၇ စင်း၊ ငါးသယ်ရေယာဉ် ၂၁ စင်း စုစုပေါင်း ၂၄၈ စင်းရှိကာ ၎င်းဆိပ်ကမ်းတွင် ငါးသယ် ရေယာဉ်များ သယ်ယူလာသော ငါးပုစွန်များကို ငါးချဆိပ်ကမ်းတွင် ပုစွန်အမျိုးအစား၊ အရွယ်အစား၊ ငါးအမျိုးအစား၊ အရွယ်အစားအလိုက် လေလံစနစ်ဖြင့် အအေးခန်းစက်ရုံများ၊ တင်ပို့ရောင်းချသူများအား ရောင်းချလျက်ရှိကြောင်း သိရသည်။

ယင်းဆိပ်ကမ်းမှ တစ်လလျှင် ပျမ်းမျှ ငါးပုစွန် စုစုပေါင်းတန်ချိန် ၃၁၁၄ ဒသမ ၁၁ တန် တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**Source:** https://www.popularmyanmar.com/

## ပြည်ပသို့ ရော်ဘာတန်ချိန် ၆သောင်းကျော် တင်ပို့မှုမှ ဒေါ်လာ ၈၇ သန်းရရှိထား

ယခုဘဏ္ဍာနှစ်၏ သုံးလအတွင်း ပြည်ပသို့ရော်ဘာတန်ချိန် ၆၂,၀၀၀ ကျော်တင်ပို့ထားပြီး ယင်းမှအမေရိကန်ဒေါ်လာ ၈၇ သန်းရရှိထားကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ ဖော်ပြထားသည့် အချက်အလက်များအရ သိရသည်။

ယခုဘဏ္ဍာနှစ်တွင် ပြည်ပသို့ ရော်ဘာတန်ချိန် သုံးသိန်းတင်ပို့ရန် မျှော်မှန်းထားသော်လည်း လက်ရှိအနေအထားအရ တင်ပို့မှု လျော့ကျနေကြောင်း သိရသည်။

"ပြောရရင် နယ်စပ်တင်ပို့မှုက လုံးဝရပ်နေသလို ဖြစ်နေတယ်။ အရင်တုန်းက နယ်စပ်လမ်းကြောင်းကနေ သွားတာများတယ်။ ရေကြောင်းကသွားတာလည်းရှိတယ်။ ဒါပေမဲ့နည်းတယ်။ အခုတော့ ရေလမ်းကြောင်းကနေ အဓိကထားတင်ပို့နေရတယ်။ အဲဒီအခက်အခဲတွေရှိတာပေါ့။ ကုန်သွယ်မှုလမ်းကြောင်းတွေသာကောင်းရင် မျှော်မှန်းထားတဲ့တန်ချိန်က ပြည့်နိုင်တယ်"ဟု မွန်ပြည်နယ်မှ ရော်ဘာလုပ်ငန်းရှင်တစ်ဦးက ပေါ်ပြူလာနယူးစ်သို့ပြောသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းကထွက်ရှိသည့် ရော်ဘာများကို တရုတ်၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ မလေးရှား၊ တောင်ကိုးရီးယား၊ ဂျပန်၊ အိန္ဒိယနှင့် ဗီယက်နမ်စသည့် အာရှနိုင်ငံများသို့တင်ပို့နေခြင်းဖြစ်ပြီး တရုတ်နိုင်ငံသို့ ၇၅ ရာခိုင်နှုန်း တင်ပို့ကြောင်း သိရသည်။

ရော်ဘာကို မြန်မာနိုင်ငံ တောင်ပိုင်းဒေသများအနက် မွန်ပြည်နယ်နှင့်ကရင်ပြည်နယ်တို့တွင် အများဆုံးစိုက်ပျိုးထားပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးတို့တွင်လည်း စိုက်ပျိုးလျက်ရှိကြောင်းသိရသည်။

ထို့ပြင် ပြည်တွင်း၌ တစ်နှစ်လျှင် ရော်ဘာတန်ချိန် စုစုပေါင်း နှစ်သိန်းဝန်းကျင်ထွက်ရှိကာ ရာခိုင်နှုန်း ၉၀ ကျော်ကို ပြည်ပသို့ တင်ပို့နေပြီး ကျန်ရှိသည့် ၈ ရာခိုင်နှုန်းခန့်ကိုသာ ပြည်တွင်း၌ သုံးစွဲလျက်ရှိကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ရော်ဘာတန်ချိန် တစ်သိန်းခွဲကျော်တင်ပို့ထားပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် တန်ချိန် သုံးသိန်းခွဲခန့်အထိ တိုးမြှင့်တင်ပို့နိုင်ရန် စီစဉ်ဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ သိရသည်။

**Source:** https://www.popularmyanmar.com/

## ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ကွမ်းရွက် ပိဿာချိန် ၈၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဩဂုတ်လအတွင်း ကွမ်းရွက်ပိဿာချိန် ၈၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ်မှ ကွမ်းရွက်နှင့်ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သက်သက်က ပြောပြ၍သိရသည်။ ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်းက ကွမ်းရွက်ပိဿာချိန် ၅၅,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ် ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ကွမ်းရွက်ပိဿာချိန် ၈၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသထွက်ကွမ်းရွက်များသည် အရည်အသွေးကောင်းမွန်ပြီး လူကြိုက်များကြောင်းသိရသည်။ “ကျိုက်လတ်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို လယ်ယာထွက်ကုန်တွေ၊ ခြံထွက်ကုန်တွေ တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ ဩဂုတ်လ တစ်လအတွင်းမှာတော့ ရန်ကုန်ဈေးကွက်ဘက်ကို ဒေသထွက် ကွမ်းရွက်ပိဿာချိန် ၈၀,၀၀၀ ထိကို တင်ပို့ရောင်းချခဲ့ရတယ်။ ဒေသထွက်ကွမ်းရွက်တွေ ဝယ်ယူမှုအားကောင်းလာတဲ့အတွက် ကွမ်းစိုက်တဲ့လုပ်ငန်းရှင်တွေ အဆင်ပြေနေပါတယ်”ဟု ကျိုက်လတ်မြို့နယ်မှ ကွမ်းရွက်နှင့်ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သက်သက်ကပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ထွက်ရှိသည့် ဒေသထွက်ကွမ်းရွက်များကို စနစ်တကျရွေးထုတ်သန့်စင်၍ ခြင်းများဖြင့်ထည့်ပြီး ရန်ကုန်ဈေးကွက်အပြင် မအူပင်မြို့သို့တင်ပို့ရောင်းချလျက်ရှိကြောင်း အဆိုပါဒေသထွက်ကွမ်းရွက် ၁၀ ပိဿာလျှင် ကျပ် ၁၉၅,၀၀၀ ထိ ဈေးပေါက်နေကြောင်း ကျိုက်လတ်မြို့နယ်မှ ကွမ်းရွက်နှင့်ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်

ဒေါ်သက်သက်ထံမှ သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ကော်လ်ကတ္တားဆိပ်ကမ်း (SMP- Kolkata) သည် Haldia နှင့် UAE နိုင်ငံအကြား တိုက်ရိုက်ကုန်တင်ဝန်ဆောင်မှုကို စတင်မိတ်ဆက်

ကော်လ်ကတ္တားဆိပ်ကမ်း၊ Syama Prasad Mookerjee Port (SMP- Kolkata) သည် ကုန်သေတ္တာတင် သင်္ဘော ဝန်ဆောင်မှုအသစ်ဖြစ်သော ဘင်္ဂလား-အရှေ့အလယ်ပိုင်း ကုန်စည် ပို့ဆောင်ရေးဝန်ဆောင်မှု (Bengal Middle East Express- BMEx) ကို စတင်မိတ်ဆက်ကြောင်း ဩဂုတ်လ ၃၀ ရက်က ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ မဟာဗျူဟာမြောက် ပဏာမခြေလှမ်းသည် ယူအေအီး (UAE) နိုင်ငံရှိ Jebel Ali ဆိပ်ကမ်းနှင့် ကော်လ်ကတ္တား ဆိပ်ကမ်း၊ Haldia Dock Complex (HDC) တို့ကို ချိတ်ဆက်ရန် စီစဉ်ထားပြီး ဒေသတွင်း ကုန်သွယ်မှုလမ်းကြောင်းများအနက် သိသာထင်ရှားသော တိုးတက်မှုကို အမှတ်အသားပြုလျက်ရှိသည်။ BMEx ဝန်ဆောင်မှုသည် Haldia-Chittagong-Jebel Ali- Haldia လမ်းကြောင်းအတိုင်း လည်ပတ်ဆောင်ရွက်မည်ဖြစ်ပြီး အရှေ့အလယ်ပိုင်းဒေသရှိ အဓိကဆိပ်ကမ်းများအနက် တစ်ခု ဖြစ်သော Jebel Ali ဆိပ်ကမ်းနှင့် အနောက်ဘင်္ဂလားပြည်နယ်၊ အိန္ဒိယနိုင်ငံအရှေ့ပိုင်းဒေသရှိ စက်မှုအချက်အချာနေရာများကို တိုက်ရိုက်ချိတ်ဆက်ပေးမည်ဖြစ်သည်။

ဒေသတွင်း ပို့ကုန်လုပ်ငန်းရှင်များနှင့် တင်သွင်းသူများအတွက် နိုင်ငံဖြတ်သန်းကုန်သွယ်မှုနှင့် ကုန်ကျစရိတ်များကို လျှော့ချရန် အဓိကခြေလှမ်းတစ်ရပ်အဖြစ် အဆိုပါ BMEx လမ်းကြောင်းကို စတင်မိတ်ဆက်ခဲ့ခြင်းဖြစ်သည်။ ကုန်စည်များကို အစဉ်အလာအတိုင်း တင်ပို့ရာတွင် ရေယာဉ်လမ်းကြောင်းပိတ်ဆို့မှုနှင့် လုပ်ငန်းလည်ပတ်မှု နှောင့်နှေးမှုများကြောင့် မကြာခဏဆိုသလို နိုင်ငံဖြတ်သန်းကုန်သွယ်ချိန် ပိုမိုကြာမြင့်ပြီး ကုန်ကျစရိတ်ကြီးမြင့်သော သယ်ယူပို့ဆောင်ရေး ဆိပ်ကမ်းများ အပေါ် မှီခိုနေရသည်။ BMEx လမ်းကြောင်းသည် အဆိုပါဆိပ်ကမ်းများကိုကျော်ဖြတ်၍ ပိုမိုထိရောက်ပြီး တိုက်ရိုက် ပို့ဆောင်နိုင်ကာ ထောက်ပံ့ရေးကွင်းဆက်၏ ယုံကြည်စိတ်ချရမှုနှင့်ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ပေးမည်ဟုသိရသည်။

အဆိုပါဝန်ဆောင်မှုသည် စီးပွားရေးလုပ်ငန်းများကို ကမ္ဘာလုံးဆိုင်ရာဈေးကွက်များသို့ ပိုမိုကောင်းမွန်စွာ ဝင်ရောက်နိုင် စေမည်ဖြစ်ကာ ဖောက်သည်များ၏ တောင်းဆိုချက်များကို ပိုမိုထိရောက်စွာ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။

BMEx ဝန်ဆောင်မှုသည် စင်ကာပူသင်္ဘောကုမ္ပဏီ (Singapore Ocean Salute Line) နှင့် MBK Logistix တို့အကြား ပူးပေါင်းဆောင်ရွက်မှု၏ ရလဒ်တစ်ခုဖြစ်သည်။ ကော်လ်ကတ္တားဆိပ်ကမ်း (SMP- Kolkata) နှင့် ၎င်း၏ ပါဝင်သက်ဆိုင်သူ အားလုံးအတွက် ကမ္ဘာလုံးဆိုင်ရာ ချိတ်ဆက်မှု သိသိသာသာတိုးတက်စေရန် မျှော်လင့်ထားကြောင်းလည်း သိရသည်။ Yong Yue 11 အမည်ရှိ ကုန်တင်သင်္ဘောသည် အဆိုပါ ဝန်ဆောင်မှုအသစ်၏ တရားဝင်စတင်ခြင်း အထိမ်းအမှတ်အဖြစ် စက်တင်ဘာ ၆ ရက်တွင် Haldia Dock Complex သို့ ရောက်ရှိရန် စီစဉ်ထားကြောင်း သိရသည်။

SMP- Kolkata ၏ ဥက္ကဋ္ဌ Rathendra Raman က Haldia နှင့် Jebel Ali အကြား တိုက်ရိုက်ဆက်သွယ်မှုကို တည်ဆောက်ရုံသာမက လမ်းကြောင်းသစ်များဖွင့်ပေးသည့် Bengal Middle East Express ဝန်ဆောင်မှုကို မိတ်ဆက်ပေးနိုင်သည့်အတွက် ဂုဏ်ယူမိကြောင်း ပြောကြားခဲ့သည်။ ဒေသတွင်းကုန်သွယ်မှုနှင့် စီးပွားရေးတိုးတက်မှုအတွက် ကုန်သွယ်ရေးဆိုင်ရာ ဆက်ဆံမှုများ အားကောင်းလာစေရန်နှင့် ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပံ့ပိုးပေးရာတွင် အဆိုပါဝန်ဆောင်မှု၏ မဟာဗျူဟာမြောက် အရေးပါမှုကို အလေးပေးပြောကြားခဲ့သည်။

SMP- Kolkata အနေဖြင့် BMEx ပဏာမခြေလှမ်းကို ပိုမိုပံ့ပိုးရန်ရည်ရွယ်၍ အရှေ့တောင်အာရှ၊ အရှေ့ဖျားနှင့် အရှေ့အလယ်ပိုင်းဆိပ်ကမ်းများမှ တိုက်ရိုက်လာရောက်မည့် ကွန်တိန်နာသင်္ဘောများအတွက် သင်္ဘောနှင့်ပတ်သက်သည့်

အခကြေးငွေများကို သိသာထင်ရှားသော လျှော့ဈေးများ သတ်မှတ်ထုတ်ပြန်၍ မက်လုံးပေးဆွဲဆောင်ခဲ့ကြောင်း သိရသည်။

သို့ပါ၍ ကော်လ်ကတ္တားဆိပ်ကမ်း (SMP- Kolkata) မှ မကြာမီ စတင်ဖွင့်လှစ်သွားမည့် BMEx ဝန်ဆောင်မှုသစ်အကြောင်း သိရှိနိုင်ပါရန်နှင့် အဆိုပါဆိပ်ကမ်းသည် မြန်မာနိုင်ငံ၊ စစ်တွေဆိပ်ကမ်းနှင့်လည်း ချိတ်ဆက်ထားသည့်အတွက် ထောက်ပံ့ပို့ဆောင်မှုလမ်းကြောင်းများ ပိုမိုကျယ်ပြန့်စွာချိတ်ဆက်နိုင်ပြီး နိုင်ငံတကာပင်လယ်ရေကြောင်းကုန်သွယ်မှုကို ကြီးစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

**Reference: India Business and Trade: Kolkata Port Launches Direct Cargo Service Between Haldia and UAE, August 30, 2024**

**ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊**

**မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ ကော်လ်ကတ္တားမြို့။**

https://myantrade.gov.mm/

## STOCK EXCHANGE (4.9.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 4th Sep. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 34,298 (Shares) | 84,614,400 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,900 | +0 | +0.00% | 8,900 | 8,900 | 8,900 | 673 | 5,989,700 | 33,109,694 | 294,676 |
| MTSH | 00002 | 3,450 | -50 | -1.43% | 3,500 | 3,500 | 3,450 | 6,494 | 22,430,000 | 38,929,150 | 134,306 |
| MCB | 00003 | 9,200 | +0 | +0.00% | 9,200 | 9,200 | 9,200 | 1 | 9,200 | 10,400,986 | 95,689 |
| FPB | 00004 | 1,800 | +0 | +0.00% | 1,750 | 1,800 | 1,750 | 21,123 | 37,971,300 | 29,664,613 | 53,396 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 369 | 1,033,200 | 12,823,224 | 35,905 |
| EFR | 00006 | 1,750 | +50 | +2.94% | 1,700 | 1,750 | 1,700 | 1,076 | 1,832,200 | 19,977,223 | 34,960 |
| AMATA | 00007 | 4,600 | -100 | -2.13% | 4,600 | 4,600 | 4,600 | 224 | 1,030,400 | 10,497,598 | 48,289 |
| MAEX | 00008 | 3,400 | +100 | +3.03% | 3,300 | 3,400 | 3,300 | 4,338 | 14,318,400 | 23,804,946 | 80,937 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 4th Sep. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 412.56 | +0.21 | +0.05% | 411.01 | 412.56 | 411.01 | 34,298 | 84,614,400 | 8 | 778,158 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 4th Sep. 2024

| Trading Volume | Trading Value |
|---|---|
| 34,298 (Shares) | 84,614,400 (MMK) |

## Main Board

As of 1:00 pm, 4th Sep. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 34,298 (Shares) | 84,614,400 (MMK) |

| MYANPIX | 412.56 ▲ 0.21 |
|---|---|
| Total Volume (shares) | 34,298 |
| Total Value (MMK) | 85 mil |
| Listed Company | 8 |
| Market Cap. (MMK) | 778,158 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,900 | ▲ 0 |
| MTSH | 00002 | 3,450 | ▼ 50 |
| MCB | 00003 | 9,200 | ▲ 0 |
| FPB | 00004 | 1,800 | ▲ 0 |
| TMH | 00005 | 2,800 | ▲ 0 |
| EFR | 00006 | 1,750 | ▲ 50 |
| AMATA | 00007 | 4,600 | ▼ 100 |
| MAEX | 00008 | 3,400 | ▲ 100 |

TIR